ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၅၀)

နေ့စွဲ – ၂၄. ၁၀. ၁၀

## သုံးပါးတဆူဖြစ်ခြင်းနှင့်မိသားစုဆက်နွယ်မှုအကြောင်း
(The Trinity and the Family)

ကျမ်းစာက ပြောပြသော သုံးပါးတဆူဖြစ်တော်မူခြင်းအမှန်တရား၏ အရေးကြီးပုံကို ထိုအမှန်တရားနှင့် မိသားစုအကြောင်းတို့အကြား ဆက်နွယ်နေမှုကပြောပြသည်ထက် မည်သည့်ကမျှ ပို၍ထင်ရှားအောင် မပြနိုင်ပါ။ ဤအမှန်တရားသည် မိသားစု၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်၊ ၎င်းက မိသားစုအတွင်း ကျွန်တော်တို့၏ တာဝန်ဝတ္တရားများကို ပြောပြပါသည်။

နားလည်ပါ! ဘုရားသခင်သည် သုံးပါးတဆူဖြစ်သည်ဟု ပြောခြင်းသည်၊ "ဘုရားသခင်သည် မိသားစုဘုရားသခင်ဖြစ်တော်မူသည်"ဟု ဝန်ခံယုံကြည်ခြင်းဖြစ်ပါသည်။ သုံးပါးတဆူအားဖြင့် ဘုရားသခင်က သူသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်ဟု ဖွင့်ပြတော်မူပါသည်။ ထို့ကြောင့် သုံးပါးတဆူထဲတွင် ဘုရားသခင်သည် မိသားစုဖြစ်တော်မူပါသည်။ ထိုမိသားစုထဲ၌ သူသည် တစုတည်းသောအသက်ရှင်ခြင်းတွင် ပြည့်ဝသောမိတ်သဟာယဖွဲ့မှု၊ ပြည့်ဝသောညီညွတ်ဟန်ချက်ညီမှု၊ ချစ်ခြင်းတို့ဖြင့် အသက်ရှင်တော်မူသည်။

ထို့အတွက်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်(ကျမ်းစာ)က မိသားစုအကြောင်းကို အကြိမ်များစွာပြောပြခြင်းဖြစ်သည် (ဆာလံ ၆၈း၆၊ ၁၀၇း၄၁)။ ထို့အတွက်ကြောင့် ဘုရားသခင်က မိသားစုလိုက် ကယ်တင်ရခြင်းဖြစ်ပါသည် (ယေရမိ ၃၁း၁၊ အာမုတ် ၃း၂၊ တမန် ၁၆း၃၁ – ၃၄)။ မိသားစုသည် အမြဲတမ်းပင် ဘုရားသခင်၏သုံးပါးတဆူဖြစ်ခြင်း၏ ကိုယ်ပိုင်ဘုန်းအသရေတော်ကို ရောင်ပြန်ထင်ဟပ်ခြင်း ဖြစ်ပါသည်။

ထိုအချက်က လက်တွေ့အမှန်တရားအတော်များများကို သင်ပေးပါသည်။ အထူးသဖြင့် ယနေ့ခေတ် မိသားစုဘဝများနှင့်တန်ဖိုးများအား ပုံပျက်ပန်းပျက်ဖြစ်စေခြင်းများကို ရှင်းပြပါသည်။ မိသားစုဆိုသည်မှာ ဘုရားသခင်၏ကိုယ်ပိုင် သုံးပါးတဆူဖြစ်ခြင်းမိသားစုဘဝကို ထင်ဟပ်ဖို့ရန် ဖန်ဆင်းထားသည်ဖြစ်သဖြင့် ဘုရားသခင်မပါဘဲ မိသားစုဘဝတိုးတက်ထွန်းကားခြင်း မရှိနိုင်ပါ။

ထို့အပြင် သုံးပါးတဆူဖြစ်ခြင်းမှနေ၍ မိသားစုဘဝတွင် မည်သို့နေထိုင်အသက်ရှင်ရမည်ကို ကျွန်တော်တို့ သင်ယူကြရပါသည်။ မိသားစုအကြောင်းကို ဘုရားသခင်ထံမှသင်ယူရန်ပြင်ဆင်ကြသောအခါ၊ ကျမ်းစာပတ်ခြင်းတစုကိုသာ ပြောနေကြသည်မဟုတ်ပါ။ သူ့ထံတော်သို့ မိမိတို့၏ဖခင်အနေနှင့်သွားရောက်ကြကာ၊ သူ့ထံမှနေ၍ ဖခင်ကဲ့သို့(မိခင်ကဲ့သို့) မည်သို့နေထိုင်ပြုမူရမည်းဟု သင်ယူကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏ ကလေးများကို ဘုရားသခင်၏ သန့်ရှင်းသောသားတော်သခင်ယေရှုထံသို့ ခေါ်ဆောင်သွားကြကာ၊ ကလေးများအနေနှင့်သူတို့၏တာဝန်ဝတ္တရားများကို သင်ယူစေကြခြင်းလည်း ဖြစ်ပါသည်။ သူ့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်အဖြစ်သွားရောက်ကြကာ၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်းစသည်တို့နှင့် မိသားစုဘဝ၏ အခြားသောကောင်းချီးများကို သင်ယူကြခြင်းလည်း ဖြစ်ပါသည်။

ကျမ်းစာက ထိုအမှန်တရားနှစ်ခုကို ဆာလံ၁၀၃း၁၃ တပြိုင်ထည်းပေါ်ပြပါသည်၊ "အဘသည်သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။" ထို့အတူပင် ဧဖက် ၆း၁–၄ တွင်၎င်း၊ ကောလောသဲ ၃း၁၈–၂၁ တွင်၎င်း တွေ့ရပါသည်။ ကလေးတို့၏နာခံခြင်း၊ ဇနီးသည်တို့ ၏ ခင်ပွန်းစကားနားထောင်ခြင်း၊ ခင်ပွန်းသည်တို့၏ချစ်ခြင်း၊ ဖခင်တို့၏သနားကျင်နာခြင်း စသည်တို့သည် "မှန်

သောအရာများ၊" "ကိုက်ညီခြင်းများ၊" "သဘောကျစရာကောင်းသောအမူအကျင့်များ" ဖြစ်ရခြင်းမှာ ဘုရားသခင်ကစေခိုင်း၍ ကောင်းသည်ဆိုယုံသာမကပါ၊ ဘုရားသခင်ကိုယ်တော်တိုင်၏ အမူအကျင့်များ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်တော်တို့သခင်ယေရှုခရစ်တော်၏ ဖခင်လည်းဖြစ်တော် မူပါသည် (ဧဖက် ၁း ၅)။ သူသည် ဝေနေယျသတ္တဝါတို့၏သားဦး၊ ချစ်လှစွာသောသားတော်လည်းဖြစ်တော်မူပါသည်(ကောလောသဲ ၁း ၁၃၊ ၁၅)။ ထို့အပြင် သူသည် သန့်ရှင်းသောဝိညာဉ်တော်လည်း ဖြစ်တော်မူပါသည် (ဧဖက် ၄း၄)။

မိးသားစုအတွက် မှန်သောအရာများသည် အသင်းတော်အတွက်လည်း မှန်ပါသည်။ အသင်းတော်ကိုလည်း မိသားစု၊ အိမ်ဟု ခေါ်ပါသည် (ဂလာတိ ၆း၁၀၊ ဧဖက် ၂း၁၉၊ ၃း၁၅)။ အသင်းတော်ကို မိသားစုများနှင့် တည်ဆောက်ထားပါသည် (တမန် ၅း၄၂၊ ၂၀း၂၀)။ အသင်းတော်၏အမှုဆောင်များနှင့် မိသားစုသဖွယ်ဖြစ် သည် (၁ကော ၄း၁၅၊ ဂလာတိ ၄း၁၉၊ ၁တိ ၅း၁–၂)။ အမှန်အတိုင်းပြောရလျှင် အသင်းတော်သည် ဘုရားသခင် ၏ မိသားစုဖြစ်သည်။ ဘုရားသခင်ကို ဖခင်အဖြစ်သိမှတ်လျှက်၊ အကိုအကြီးဆုံး ခရစ်တော်၏အုပ်ချုပ်မှုအောက်တွင်နေထိုင်ကာ၊ ဘုရားသခင်၏အိမ်တွင် နေထိုင်ကြပါသည် (၂ကော ၆း၁၈၊ ဟေဗြဲ ၂း၁၃)။ ထို့ကြောင့် အသင်းတော်ကလည်း မိမိ၏မိသားစုဘဝအကြောင်းကို ဘုရားသခင်၏မိသားစု – ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော် – ထံမှ သင်ကြရပါမည်။

ထို့ကြောင့် ကျွန်တော်တို့မိသားစုအတွက် အရေးအကြီးဆုံးအရာနှင့် ပို၍ကြီးမားသောမိသားစုဖြစ်သည့် အသင်းတော်အတွက် အရေးကြီးဆုံးသောအရာသည် ဘုရားသခင်ကိုသိခြင်း၊ မိမိကိုယ်ကို သုံးပါးတဆူဖြစ်ခြင်း ဖြင့်ဖေါ်ပြတော်မူသော ဘုရားသခင်အနေနှင့်သိခြင်း ဖြစ်ပါသည်။ ထိုသို့သောအသိပညာကို ဘုရားသခင်က ကျွန်တော်တို့အားလုံးထံ ပေးတော်မူပါစေသော်ဝ်။

## ပဋိညာဉ်အကြောင်း(Covenant)

ဘုရားသခင်၏ပဋိညာဉ်အကြောင်းကို ကျမ်းစာက နေရာအများတွင် ပြောပြပါသည်။ ပဋိညာဉ်ဆိုသည်မှာအဘယ်နည်း? ကျမ်းစာက အဘယ့်ကြောင့် မကြာခဏ ဖေါ်ပြရသနည်း? ထိုမေးခွန်းများကိုဖြေဖို့ လိုအပ်ပါသည်။

ပထမအနေနှင့် ကျွန်တော်တို့သိရမည်မှာ ပဋိညာဉ်သည် ဘုရားသခင်၏ပဋိညာဉ်ဖြစ်သည် ဆိုသည့်အချက်ကိုဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်က သူ့ကိုယ်သူအထဲ၌ ရှိတော်မူသော၊ မိမိကိုယ်ကိုနှင့်ပြုတော်မူသော ပဋိညာဉ်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်တော်တို့နှင့် ပဋိညာဉ်ပြုသည့်အခါ၊ ကျွန်တော်တို့မပါဘဲနှင့်လည်း သူ့ထံတော်၌ရှိနှင့်ပြီးသောပဋိညာဉ်၏ ဖွင့်ပြချက်တခုသာ ဖြစ်ပါသည်။

ထိုအချက်သည် ဘုရားသခင်၏ဖွင့်ပြချက်(ဗျာဒိတ်)အားလုံးနှင့်လည်း ဆိုင်ပါသည်။ မည်သည့်အကြောင်းကိုမဆို ဘုရားသခင်က ကျွန်တော်တို့ထံ ဖွင့်ပြဖေါ်ပြသည့်အခါ၊ မိမိကိုယ်ကို ဖွင့်ပြခြင်းသာဖြစ်ပါသည် – သူ၏ဖြစ်တည်မှု၊ သူ၏ဘုန်းအသရေ၊ သူ၏တန်ခိုး၊ သူ၏လုပ်ဆောင်ချက် စသည်တို့ကို ဖွင့်ပြခြင်းဖြစ်သည်။ ၎င်းသည် နှိမ့်ချခြင်းကိုဖြစ်စေသောအတွေးတခုဖြစ်ပါသည်။ ပဋိညာဉ်နှင့်ပတ်သက်၍ပြောရလျှင်၊ ဘုရားသခင်သည် ပဋိညာဉ်ပြုသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကို မလိုအပ်ပါ။ သူသည် မိမိကိုယ်ကို၌ပဋိညာဉ်ပြုသော ဘုရားသခင် ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ပဋိညာဉ်ဆိုသည်မှာ သုံးပါးတဆူတွင်းရှိ ပုဂ္ဂိုလ်သုံးပါးတို့ အချင်းချင်းမိတ်သဟာယဖွဲ့ကြခြင်းဖြစ်သည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် တို့ဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်ဆိုသည်မှာ မိတ်သဟာယဖွဲ့ခြင်း၊ တုတ်နှောင်/နှောင်ဖွဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အစအဦးကပင်၊ သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်သုံးပါးတို့၏တုတ်နှောင်/နှောင်ဖွဲ့ခြင်းက တဆူတည်းသောဘုရားသခင်ဖြစ်လာစေခြင်းဖြစ်သည်။

ကျမ်းစာထဲတွင် သုံးပါးတဆူထဲမှ ပုဂ္ဂိုလ်တို့ အချင်းချင်း မိဿဟာယဖွဲ့ကြသည့်အကြောင်းကို ဖေါ်ပြသည့် ကျမ်းပိုဒ်များကို တွေ့ရပါသည်။ သုတ္တံကျမ်း ၈း၂၂–၃၁ သည် ထိုကျမ်းပိုဒ်များထဲမှ တခုဖြစ်ပါသည်။ ထိုကျမ်းပိုဒ်မှ "ငါ"ဟုပြောသူကို အငယ်(၁၂)တွင် "ဉာဏ်ပညာ"နှင့် ထပ်တူပြုထားပါသည်၊ ၎င်းသည် သားတော်ကိုပြောနေခြင်းဖြစ်သည် (၁ကောသ၊၂၄ နှင့်နှိုင်းယှဉ်ဖတ်ပါ)။ ငယ်(၃၀)တွင် သူ့ကို ခမည်းတော်နှင့်မည်သို့ ဆက်နွယ်ကြောင်းကို ပြောပြပါသည် "သူ၏အနားတွင်၊ သူနှင့်အတူကြီးပြင်းလာသူကဲ့သို့ဖြစ်သည်၊ သူ့ကို နေ့စဉ် စိတ်ကြည်နူးစေသည်၊ သူ၏ရှေ့တော်တွင် အမြဲတမ်း ဝမ်းမြောက်စွာနေထိုင်ပါသည်။" (မြန်မာလို သိပ်မရှင်းလို့ မူရင်းကနေ ဘာသာပြန်ပါတယ်) ထိုဖေါ်ပြချက်သည် ထာဝရကာလကထဲကပင် ဘုရားသခင်၏ထံတော်တွင်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့အကြား၌ ရှိတော်မူသော ပဋိညာဉ်အကြောင်းဖြစ်သည်။

ထိုဆက်နွယ်မှုကိုဖေါ်ပြသောအခြားကျမ်းပိုဒ်တခုမှာ ယော ၁၀း၁၅ ဖြစ်သည်၊ "ခမည်းတော်က ငါ့ကိုသိသကဲ့သို့၊ ငါကလည်း သိသည်။" နောက်တခုမှာ ၁ကော ၂း၁၀ ဖြစ်သည်၊ "ဝိညာဉ်တော်သည် အရာခပ်သိမ်းကို နက်ရှိုင်းစွာ မွှေနှောက်ရှာဖွေပါသည်၊ ဘုရားသခင်၏နက်ရှိုင်းသောအရာများကိုလည်းဖြစ်ပါသည်။"မည်မျှကောင်းချီးနှင့်ပြည့်စုံသောဘဝတွင် ဘုရားသခင်သည် မိမိကိုယ်ကိုအတွင်း၌ အသက်ရှင်ခြင်းဖြစ်ပါသနည်း!

ဘုရားသခင်က ကျွန်တော်တို့ထံတွင် သူ၏ပဋိညာဉ်ကို တည်စေသောအခါ၊ သူသည် ကျွန်တော်တို့ကို အထက်ကဖေါ်ပြသောဆက်ဆံမှုအတွင်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်၊ ထိုဆက်ဆံမှု၏ အစိတ်အပိုင်းဖြစ်လာစေပါသည်။ သူသည် ကျွန်တော်တို့ကို သူ၏မိသားစုအတွင်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။ သခင်ယေရှု၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူသည် ကျွန်တော်တို့၏ဖခင်ဖြစ်လာပါသည်။ မည်မျှ အံ့သြစရာကောင်းပါသနည်း!

ကျမ်းစာက ထိုအကြောင်းကို ၂ပေ ၁း၄ တွင် "ကျွန်တော်တို့သည် ဘုရားဇာတိတော်ကို ဆက်ဆံရသူများဖြစ်ကြပါသည်"ဟုပြောပြပါသည်။ ထိုအချက်သည် ဘုရားသခင်၏ပဋိညာဉ် ကျွန်တော်တို့ထံတွင် တကယ်ဖြစ်လာပုံကို ပြောနေခြင်းဖြစ်သည်။ အံ့သြစရာကောင်းလွန်းသဖြင့်၊ ကျမ်းစာကသာမဖေါ်ပြလျှင်၊ တွေးပင်မတွေးရဲစရာဖြစ်ပါသည်။ သခင်ယေရှုက ထိုအကြောင်းကို ယော ၁၇း၂၃ တွင် ဤသို့ပြောပါသည်၊ "ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တလုံးတဝတည်းဖြစ်၍၊ တလုံးတဝတည်း၌ စုံလင်စေခြင်းငှာ၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည်(ကမ္ဘာကြီးက) သိကြပါမည်။"

ဘုရားသခင်က သူ၏ပဋိညာဉ်ကို ကျွန်တော်တို့ထံ၌ ပြုတော်မူသောအခါ၊ ထိုကောင်းချီးနှင့်ပြည့်စုံလှသည့် ဆက်နွယ်မှုထဲသို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။ ထိုဆက်ဆံမှုအတွင်းတွင်ကျွန်တော်တို့သည် ဘုရားသခင်၏ ပြည့်စုံခြင်း၊ ကျေးဇူးတော်၏ကျေးဇူးတော်ဖြစ်ခြင်းတို့ကို ရရှိကြပါသည် (ယော ၁း၁၆)။ ထိုသို့ဖြင့် သူသည် ကျွန်တော်တို့ထံတွင် နေထိုင်ပါသည်၊ ကျွန်တော်တို့နှင့်အတူ သွားလာပါသည်၊ ကျွန်တော်တို့၏ဘုရားသခင် အမြဲတမ်းဖြစ်တော်မူပါသည် (၂ကော ၆း၁၆)။ ထို့ကြောင့် သူမပါဘဲ အသက်ရှင်ခြင်းသည် သေခြင်းဖြစ်ပါသည်(ဆာလံ ၇၃း၂၇)။ သူ့ကိုသိခြင်းသည် ထာဝရအသက်ဖြစ်ပါသည် (ယော ၁၇း၃)။

သို့သော် ပဋိညာဉ်ပြုသောဘုရားသခင်ဖြစ်ဖို့ ကျွန်တော်တို့ကိုမလိုအပ်ပါဆိုသည်ကို မေ့ထား၍မဖြစ်ပါ။ ကျွန်တော်တို့ထံ ပြုတော်မူသောပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်သာဖြစ်ပါသည်။ ရောနှောခြင်းမရှိသော၊ မထိုက်တန်သော်လည်းပေးသော မျက်နှာသာပေးမှုသက်သက်သာ ဖြစ်ပါသည်။

## ထာဝရပဋိညာဉ်အကြောင်း(The Everlasting Covenant)

ဘုရားသခင်၏ပဋိညာဉ်သည် ထာဝရပဋိညာဉ်ဖြစ်ကြောင်း ကျမ်းစာက မကြာခဏပြောပြပါသည်။ ပဋိညာဉ်သည် ထာဝရကာလမှစပါသည်၊ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းတော်မူသောသုံးပါးတဆူဖြစ်ခြင်းအတွင်ရှိ ပုဂ္ဂိုလ်သုံးပါးတို့ကြားမှ ဆက်ဆံရေးဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ပဋိညာဉ်သည် ထာဝရကာလသို့

လည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ကို ထိုကောင်းချီးမင်္ဂလာပြည့်ဝသော သုံးပါးတဆူ၏ ဆက်ဆံရေးထဲသို့ ခေါ်သွားကာ၊ ဘုရားဇာတိတော်ကို ပါဝင်ဆက်ဆံရသူများ ဖြစ်စေသောကြောင့်ဖြစ်သည်(၂ပေ ၁း၄)။ ထိုမိသဟာယဆက်ဆံရေးနှင့်ချစ်ခြင်းသည် ဘယ်တော့မှမကုန်ဆုံးနိုင်ပါ။ ဘုရားသခင်သည် ထာဝရကာလမှ ထာဝရကာလသို့တိုင် ကျွန်တော်တို့၏ဘုရားသခင် ဖြစ်တော်မူနေပါမည်။ ကျွန်တော်တို့သည်လည်း သူ၏လူများ အမြဲဖြစ်ကြပါမည် (ဗျာ ၂၁း၃)။

ထိုအမှန်တရားကိုယုံကြည်ကြသဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ပဋိညာဉ်ကို သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုဟု မမြင်ကြပါ။ အချို့က ထိုသို့မှားယွင်းစွာသင်ကြပါသည်။ ဘုရားသခင်၏လူများထံသို့ ကယ်တင်ခြင်းကိုပေးမည်ဟု သုံးပါးတဆူထဲမှာ ပုဂ္ဂိုလ်သုံးပါးတို့ သဘောတူကြခြင်း မဟုတ်ပါ၊ ထို့အတူ အာဒံ၌ (သို့) ခရစ်တော်၌ ဘုရားသခင်နှင့် သူ့လူတို့အကြား သဘောတူညီခြင်းလည်း မဟုတ်ပါ။

ပဋိညာဉ်သည် ဘယ်တော့မှ "သဘောတူညီချက်"(agreement) အဖြစ်နိုင်ပါ။

သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုသည် ဘယ်တော့မှ ထာဝရမခံပါ။ သဘောတူညီချက်တွင် ချမှတ်ထားသည့် အချက်အလက်များပြည့်စုံပြီဆိုသည်နှင့်(မည်သို့သောအချက်အလက်များဖြစ်ပါစေ) သဘောတူညီချက်သည် ပြည့်စုံ၍ကုန်ဆုံးပြီဖြစ်ပါသည်။ စွန့်ပစ်လိုက်၍ရသွားပြီဖြစ်သည်။ သမိုင်းထဲတွင်လေ့လာစရာတခုအဖြစ်သာ ကျန်ခဲ့မည်၊ ဆက်လက်တည်ရှိစရာ မလိုအပ်တော့ပါ။

ထို့မှအနည်းငယ်ခြားနား၍ပြောရလျှင်၊ သဘောတူညီချက် (သို့) စာချုပ်ချုပ်သဘောတူညီမှုဆိုသည်မှာ တခုသောရည်မှန်းချက်ရောက်ရန် အသုံးပြုရသောနည်းလမ်းများသာဖြစ်ပါသည်(the means to an end)။ ဆေးပုလင်းတပုလင်းသည် ပြန်ကျန်းမာစေရန် သုံးရသော နည်းလမ်းတခုဖြစ်ပါမည်။ ကျွန်တော်တို့ ပြန်နေကောင်းကြသောအခါ ထိုဆေးကို ဆက်မသောက်ကြတော့ပါ။ လွှင့်ပစ်လိုက်၍ရပြီဖြစ်သည်။ အကယ်၍ ပဋိညာဉ်ဆိုသည်မှာ ကယ်တင်ခြင်းရရန် အသုံးပြုရသော နည်းလမ်းတခုသာဖြစ်ခဲ့ပါလျှင်၊ ကယ်တင်ခြင်းရဖို့ လုပ်ရသော သဘောတူညီချက်ဟုဆိုခဲ့လျှင်၊ ကျွန်တော်တို့ ကယ်တင်ခြင်းကိုရပြီးခဲ့သောအခါ ထိုပဋိညာဉ်ကို လိုအပ်ကြတော့မည် မဟုတ်ပါ။

သို့သော် ကျမ်းစာက ပဋိညာဉ်ဆိုသည်မှာ ထာဝရဖြစ်သည်ဟုပြောပါသည်။ အဆုံးမရှိပါ၊ အသုံးမလိုတော့ဆိုသည်မျိုး မရှိနိုင်ပါ။ ပဋိညာဉ်ဆိုသည်မှာ အသုံးပြုရသောနည်းလမ်းတခု မဟုတ်ပါ၊ ရည်ရွယ်ချက်ပန်းတိုင် ဖြစ်ပါသည်(It is not the *means* but the *end* [goal] itself)။ ကယ်တင်ခြင်းရရန်လမ်း မဟုတ်ပါ၊ ကယ်တင်ခြင်း ဖြစ်ပါသည်။ လိုက်နာရခြင်းများပြည့်စုံသောအခါ ပယ်ဖျက်သွားသော သဘောတူညီချက်တရပ် မဟုတ်ပါ၊ ထာဝရဆက်လက်နေမည့် ကောင်းချီးနှင့်ပြည့်နေသောဆက်ဆံရေးဖြစ်ပါသည်။ သခင်ခရစ်တော်၌ ဘုရားသခင်နှင့်သူ့လူများ ကြားတွင်ရှိသော ဆက်နွယ်မှုဖြစ်ပါသည်။

ကယ်တင်ခြင်း၏အနှစ်သာရဆိုသည်မှာ ဘုရားသခင်က ခရစ်တော်၌ သူ၏လူများနှင့်တည်ထောင်တော်မူသော မိတ်သဟာယဆက်နွယ်မှုဖြစ်သည် မဟုတ်ပါလော? တနေ့သောအခါ ဘုရားသခင်သည် ကျွန်တော်တို့ ၏ ဘုရားဖြစ်လာမည်၊ ကျွန်တော်တို့သည် သူ၏လူများဖြစ်လာမည်ဟု ဗျာဒိတ်ကျမ်း ၂၁း၃ ကပြောသောအခါ၊ ကယ်တင်ခြင်း၏ အမြင့်ဆုံးသောဘုန်းအသရေကို ပြောနေခြင်းဖြစ်သည် မဟုတ်ပါလော? ၎င်းသည် ကျွန်တော် တို့ ယုံကြည်သော ဘုရားသခင်၏ပဋိညာဉ်ဖြစ်ပါသည်။ ထိုပဋိညာဉ်သည် ထာဝရဖြစ်ပါသည်။

သခင်ယေရှုက ယော ၁၇း၃ တွင် ထာဝရအသက်ဆိုသည်မှာ ဘုရားသခင်နှင့် သူစေလွှတ်သော သခင်ယေရှုခရစ်တော်ကို သိခြင်းဟု ပြောပါသည်။ ထိုအချက်သည်လည်း မိမိလူများနှင့်ပြုတော်မူသော ဘုရားသခင်၏ ပဋိညာဉ်အကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။ အမှန်ပင် ထိုအကြောင်းထက်ပို၍ အံ့သြစရာကိစ္စ မရှိနိုင်ပါ။ ရွှေခင်းထားသော လမ်းများသည်ပင် ထိုကိစ္စနှင့် နှိုင်းယှဉ်နိုင်ခြင်းမရှိပါ။ ထာဝရပဋိညာဉ်သာလျှင် ကယ်တင်ခြင်း၊ ကောင်းကင်ဘုံ၊ ထာဝရအသက်တို့၏ စစ်မှန်သော ဘုန်းအသရေဖြစ်ပါသည်။

**သို့သော် လူတိုင်းက မခံစားရပါ။ သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူသာလျှင် ဘုရားသခင်ကို မြင်၍၊ သူ့ကို သိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုသည် ခမည်းတော်ရှေ့မှောက်သို့ ရောက် ရာလမ်း ဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ယော ၁၇း၃ က ဘုရားသခင်ကို သိခြင်းဟုသာမပြောဘဲ၊ သခင်ယေရှုကို သိခြင်းဟုလည်း ထပ်ထည့်ထားခြင်းဖြစ်ပါသည်။**

(Doctrine According to Godliness, Rev. Ronald Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၁)

**၄း၁၄-၂၂**

**၁ - ထို့နောက်မှ ငါကြည့်လျှင်၊ ကောင်းကင်၌ တံခါးဖွင့်ထားလျက်ရှိ၏။ ရှေးဦးစွာကြားရသောအသံဟူမူကား၊
ဤအရပ်သို့တက်လော့။ နောင် ကာလ၌ ဖြစ်ရမည့်အရာတို့ကို ငါပြမည်ဟု ငါနှင့်ပြောလျက်ရှိသော
တံပိုးခရာသံကဲ့သို့ မြည်လေ၏(တံပိုးခရာက ငါနှင့်ပြော၏)။ - ထိုအခါ ဝိ ညာဉ်တော်ကို
ငါသည်ချက်ခြင်းခံရ၍၊ ကောင်းကင်ဘုံ၌ ပလ္လင်တခုတည်လျက်ရှိ၏။ ပလ္လင်ပေါ်မှာ ထိုင်နေသူလည်းရှိ၏
(တဦးသောသူထိုင် နေသည်)။ ၃ - ထိုသူ၏အဆင်းအရောင်သည် နဂါးသွဲ့ကျောက်၊ ပတ္တမြားကျောက်နှင့်တူ၏။
ပလ္လင်၏ဝန်းကျင်၌ကား၊ မြကျောက်အဆင်းအ ရောင်နှင့်တူသော သက်တံ့ရှိ၏။ ၄ - ထိုပလ္လင်၏ပတ်ဝန်းကျင်၌
အခြားသောပလ္လင် နှစ်ဆယ့်လေးပလ္လင်ရှိ၏။ ထိုပလ္လင်တို့အပေါ်၌ အသက် ကြီးသူ နှစ်ဆယ့်လေးပါးတို့သည်
ဖြူသောအဝတ်ကိုဝတ်ဆင်လျက်၊ ခေါင်းပေါ်၌ ရွှေသရဖူကို ဆောင်းလျက် ထိုင်နေကြ၏။ ၅ - ပလ္လင်တော်ထဲ
က လျှပ်စစ်ပြက်၏။ စကားပြောသံ၊ မိုးကြိုးသံလဲ မြည်၏။ ပလ္လင်တော်ရှေ့၌ ဘုရားသခင်၏
ဝိညာဉ်ခုနစ်ပါးတည်းဟူသော မီးခွက်ခုနစ်လုံး တို့သည် ထွန်းလျက်ရှိကြ၏။ ၆ - ပလ္လင်တော်ရှေ့၌လည်း၊
ကျောက်သလင်းနှင့်တူသော ဖန်ရေကန်ရှိ၏။ ပလ္လင်တော်၏အတွင်း၌၎င်း၊ ပတ် ဝန်းကျင်၌၎င်း၊
မျက်စိနှင့်တကိုယ်လုံးပြည့်သော(ရှေ့ဖက်၌၎င်း၊ နောက်ဖက်၌၎င်း) သတ္တဝါလေးပါးရှိ ၏။ ၇ - ပဌမသတ္တဝါသည်
ခြင်္သေ့နှင့် တူ၏။ ဒုတိယသတ္တဝါသည် နွားသငယ်နှင့်တူ၏။ တတိယသတ္တဝါသည် လူမျက်နှာရှိ၏။
စတုတ္ထသတ္တဝါသည် ပျံလျက်ရှိသော ရွှေလင်းတ(ရွှေ လင်းယုန်)နှင့်တူ၏။ ၈ - ထိုသတ္တဝါလေးပါးတို့၏
ကိုယ်ဝန်းကျင်၌၊ တပါးတပါးလျှင် အတောင်ခြောက်ခုစီရှိ၍၊ အတွင်း၌ မျက်စိနှင့် ပြည့် ကြ၏။ သူတို့ကလည်း၊
အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ်ရှိတော်မူသော၊
ထာဝရအရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏ဟု နေ့ညဉ့်မပြတ်
ငြိမ်၍မနေဘဲ ပြောဆိုကြ၏။ ၉ - ပလ္လင်တော်ပေါ်မှာထိုင်၍၊ ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသောသူ၏
ဘုန်းအသရေ၊ ဂုဏ်ကျေးဇူးတော်ကို ထိုသတ္တဝါတို့သည် ချီးမွမ်းကြသောအခါ၊ ၁၀ - အသက် ကြီးသူ
နှစ်ဆယ့်လေးပါးတို့သည် ပလ္လင်ပေါ်မှထိုင်တော်မူသောသူရှေ့၌ ပြပ်ဝပ်လျက်၊ ကမ္ဘာအဆက်ဆက်
အသက်ရှင်တော်မူသောသူကို ကိုး ကွယ်လျက်၊ ၁၁ - အို့ထာဝရဘုရား၊ ကိုယ်တော်သည်
ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက်
ရှိကြပါ၏။ ထို့ကြောင့် ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစားထိုက်တော်မူ၏ဟု လျှောက်ဆို၍၊
ပလ္လင်တော်ရှေ့၌ မိမိတို့သရဖူများကို ချထားကြ၏။**

၁။ ဤအခန်းကြီး(၄)သည် အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဗျာဒိတ်ကျမ်းတအုပ်လုံးတွင်ပါသည့် အရာများအတွက် ဤအခန်းသည် အခြေခံဖြစ်သည်။ ထို့ကြောင့် “နောင်ကာလတွင်ဖြစ်မည့်အရာတို့”ဟု ပြောထားခြင်းဖြစ်သည်။ ဤအခန်းတွင် ဘုရားသခင်၏ပလ္လင်တော်အကြောင်းဖွင့်ပြထားသည်ကိုတွေ့ရသည်၊ ၄င်းက သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာပြီးချိန်တွင် ရောက်ရှိလာမည့် ကမ္ဘာသစ်ကြီး၏ဖွဲ့စည်းပုံကို ကြိုတင်ပြောပြနေခြင်းဖြစ်သည်။ ထိုအချိန်ပြည့်မြောက်ဖို့ကို ဗျာဒိတ်ကျမ်းတလျှောက်လုံးက ဆက်၍ပြောပြနေခြင်းဖြစ်သည်။

၂။ “ထို့နောက်မှ ငါကြည့်လျှင်”ဆိုသည်က ဗျာဒိတ်ဖွင့်ပြချက် အုပ်စုအသစ်ရောက်လာသည်ဟု ပြောခြင်းဖြစ်သည်။
“ကောင်းကင်၌ တံခါးဖွင့်ထားလျက်ရှိ၏”ဤနေရာတွင် ကောင်းကင်ကို ဘုရားသခင်နေထိုင်သောနေရာအဖြစ်ပြောပါ သည်။ တံခါးပွင့်နေသည်ဆိုသည်မှာ ယောဟန်ကို ဝင်ရောက်ခွင့်ပြုသည်ဟုဆိုရာရောက်သည်၊ သို့သော် ဝိညာဉ် အားဖြင့် ဝင်ရောက်သွားခြင်းဖြစ်သည်။ “ဤအရပ်သို့တက်လော့”ဆိုသည်မှာ ယောဟန် နောက်ဖြစ်လာမည့်အရာများ ကို တွေ့မြင်ရရန်ဖြစ်သည်။ “ထိုအခါ ဝိညာဉ်တော်ကို ငါသည်ချက်ခြင်းခံရ၍၊”ဆိုသည်မှာ သူ့ကို ကောင်းကင်သို့ခေါ်သွား ၍ ကောင်းကင်ဘုံနှင့်ဆိုင်သောဗျာဒိတ်ဖွင့်ပြချက်များကို မြင်နိုင်ရန် ဖြစ်စေသည်ဟုဆိုလိုပါသည်။

၃။ “ကောင်းကင်ဘုံ၌ ပလ္လင်တခုတည်လျက်ရှိ၏” အစိုးရတော်မူခြင်း၊ တရားစီရင်ပိုင်ခြင်းတို့ကို ပြသောနိမိတ်ပုံဖြစ်သည်။
“ပလ္လင်ပေါ်မှာ ထိုင်နေသူလည်းရှိ၏” သုံးပါးတဆူဘုရားသခင်ကို ပြောသည်။ ထိုင်နေသူ မည်သည့်ပုံသဏ္ဍာန်ရှိကြောင်း ပြောမပြပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို လူ့စကားဖြင့် ဖေါ်ပြ၍မရသောကြောင့်ဖြစ်သည်။ သို့သော် သူ၏ဘုန်းတန်ခိုးတော်ကိုသာ ရတနာများနှင့် နှိုင်းယှဉ်ဖေါ်ပြပါသည်။ နဂါးသွဲ့ကျောက်ဆိုသည်မှာ စိန်ကဲ့သို့ အဖြူရောင်ရှိသော ရတနာတမျိုးဖြစ်သည်။ ဖြောင့်မတ်ခြင်း၊ အောင်မြင်ခြင်း၊ ဘုန်းအသရေကြွယ်ဝခြင်းတို့ကို ပြောချင်သည်။ ပတ္တမြားသည် တောက်ပသောအနီရောင်ရှိသည့် ရတနာဖြစ်သည်။ မီးနှင့်တူသည်၊ သန့်ရှင်းခြင်း နှင့်အမျက်ဒေါသကို ပြောချင်သည်။
“ပလ္လင်၏ဝန်းကျင်၌ကား၊ မြကျောက်အဆင်းအ ရောင်နှင့်တူသော သက်တံ့ရှိ၏” အရာခပ်သိမ်းကိုလွှမ်းခြုံသော ဘုရားသခင်၏ ပဋိညာဉ်ကိုပြောပါသည်။ မြကျောက်၏အရောင်မှာ ဖျော့သောအပြာရောင်ဖြစ်သည်၊ သဘာဝတရား၏ဖူးပွင့်လာ နေခြင်း၊ စိုပြေခြင်း၊ မျှော်လင့်ခြင်းတို့ကို ပုံဆောင်ပါသည်။ ထိုပလ္လင်တော်မှနေ၍ လျှပ်စီးလက်ခြင်းများ၊ မိုးခြိမ်း သံများ၊ အသံများ ထွက်ပေါ်နေကြပါသည်။ အားလုံးကိုခြုံငုံလျှက် ဘုရားသခင်၏ တရားစီရင်ခြင်းတန်ခိုးဟု နား လည်ရပါမည် (ဆာလံ ၂၉၊ ၉၇း၂–၅)။
“ပလ္လင်တော်ရှေ့၌ ဘုရားသခင်၏ ဝိညာဉ်ခုနှစ်ပါးတည်းဟူသော မီးခွက်ခုနှစ်လုံး တို့သည် ထွန်းလျှက်ရှိကြ၏” သန့်ရှင်းသောဝိညာဉ် တော်ကို သခင်ခရစ်တော်ထံ၌ရှိတော်မူသည့်အနေနှင့် ဖေါ်ပြခြင်းဖြစ်သည်။ အလင်းပေးခြင်း၊ ရှာဖွေခြင်း၊ တရား စီရင်ခြင်း၊ အပြစ်များကိုသိစေခြင်း၊ ဖြောင့်မတ်ခြင်းတို့ကို ပြောချင်ပါသည်( ယော ၁၆း၈–၁၁)။
“ပလ္လင်တော်ရှေ့၌လည်း၊ ကျောက်သလင်းနှင့်တူသော ဖန်ရေကန်ရှိ၏” ဆိုလိုသည်မှာ ပလ္လင်တော်ပေါ် ထိုင်နေတော်မူသည့် ဘုရားသခင်၏ ဘုန်းအသရေတို့ကို ရောင်ပြန်ထင်ဟပ်နေခြင်းဖြစ်သည်။ သူ၏ အလုပ်အားလုံးသည် သူ၏ဘုန်း တော်ကို ထင်ဟပ်နေကြပါသည်။ ထို့ကြောင့် ကောင်းကင်သစ်မြေကြီးသစ်တွင်လည်း ထိုသို့ဖြစ်ပါမည်။

၄။ အသက်ကြီးသူများကိုတွေ့ရပါသည်။ အသင်းတော်ကို ကိုယ်စားလှယ်ပြုသောသူများဖြစ်သည်။ သူတို့၏ အရေအတွက်မှာ ၁၂ × ၂ = ၂၄ ဖြစ်သည်။ ဓမ္မဟောင်းအသင်းတော်၊ ဓမ္မသစ်အသင်းတော် နှစ်ခုပေါင်းကို ဆိုလိုပါသည်။ (ဓမ္မဟောင်းယုံကြည်ခြင်းဖခင်ကြီးများ ၁၂ ယောက်၊ ဓမ္မသစ် တမန်တော်များ ၁၂ ယောက်)။ သူတို့သည် စိုးစံကြရပါသည်(ပလ္လင်များပေါ်၌ထိုင်နေခြင်း)။ ဘုရားသခင်၏အုပ်စိုးခြင်းအောက်တွင်ဖြစ်သည် (သူတို့ပလ္လင်များက အလယ်ရှိပလ္လင်တော်ကို ဝိုင်းပတ်ထားခြင်း)။ ပြည့်စုံသောဘုန်းအသရေကို ပိုင်ဆိုင်ကြသည် (ဖြူသောဝတ်ရုံများ)။ အောင်မြင်သူများအဖြစ် အုပ်စိုးကြခြင်းဖြစ်သည် (ရွှေသရဖူဆောင်းခြင်း၊ ရောင်ခြည်များဖြာထွက်နေခြင်း)။

၅။ သတ္တဝါလေးပါးကိုတွေ့ရသည်။ သူတို့သည် ပလ္လင်အလယ်တွင်၄င်း၊ ပတ်လည်တွင်၄င်း ရှိနေကြသည်။ ထိုသတ္တဝါလေးပါးက ဖန်ဆင်းခြင်းတခုလုံးကို ကိုယ်စားပြုရည်ညွှန်းပါသည်။ ယခုအချိန်တွင် အပြစ်တရား၏ကျွန်ဘဝရောက်နေကြသည်၊ သို့သော် တနေ့တွင် ထိုအပြစ်မှလွတ်မည်ဖြစ်သည်။ ခြင်္သေ့က ဘုရင်ဖြစ်ခြင်းကိုရည်ညွှန်းသည်။ နွားက ခွန်အားကိုပြောသည်၊ လူမျက်နှာရှိသည် ဆိုသည်က ဉာဏ်ရည်မြင့်မားသောသတ္တဝါများကို ရည်ညွှန်းသည်။ လင်းယုန်က လွတ်လပ်စွာလှုပ်ရှားခြင်းကိုပြောဆိုသည်။ သူတို့တွင် အတောင်ခြောက်ခုစီပါသည်။ ဆိုလိုသည်မှာ လွတ်လပ်သော၊ ပြည့်ဝသောလှုပ်ရှားနိုင်မှု၊ တိုးတက်သောအဖြစ်၊ အမှုတော်ဆောင်ရန်အသင့်ဖြစ်ခြင်းစသည်တို့ကိုပြောပါသည်(ဟေရှာ ၆နှင့်နှိုင်းယှဉ်ပါ)။ တကိုယ်လုံးမျက်စိနှင့်ပြည့်သည်ဆိုသည်မှာ သတ္တဝါတို့၏ မိမိကိုယ်ကိုသိသောစိတ်၊ အသက်ရှင်မှု၊ ဝိညာဉ်တို့ကို ရည်ညွှန်းသည်။

၆။ ထိုသတ္တဝါလေးပါးတို့က နေ့ညမပြတ်ဘုရားသခင်ကို သုံးထပ်ကွမ်းချီးမွမ်းခြင်းနှင့်ချီးမွမ်းကြသည်၊ အရာခပ်သိမ်းအား ဘုရားသခင့်ထံ ဆက်ကပ်ခြင်းကို ရည်ညွှန်းသည်။ ထိုဘုရားသခင်သည် သူဆန္ဒရှိသည်ကို အစိုးရတော်မူစွာ လုပ်ကိုင်သော အနန္တတန်ခိုးတော်ရှင်ဖြစ်သည်။ မနေ့၊ ယနေ့၊ နောင်ကာလ အမြဲတမ်းရှိတော်မူသည်။ ထာဝရအသက်ရှင်တော်မူသောသူကို ကျေးဇူးတင်ကြသည်၊ ဘုန်းတော်နှင့်ဂုဏ်သရေတော်တို့ကို ခံထိုက်တော်မူသည်ဟု ဝန်ခံကြပါသည်။ အသင်းတော်လည်း ထိုသို့ချီးမွမ်းခြင်းတွင် ပါဝင်ပါသည်။ နှိမ့်ချစွာနှင့် သူသာ ဘုန်းအသရေ၊ ရှိသေလေးစားခြင်းကို ခံထိုက်ပါသည်ဟု ဝတ်ပြုကြသည်။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းတို့သည် သူ၏အလိုတော်နှင့်ဆန္ဒရှိတော်မူခြင်းတို့ကြောင့်သာ ဖန်ဆင်းခြင်းကို ခံကြရလျှက်၊ ဆက်လက်၍ဖြစ်တည်နေကြခြင်းဖြစ်ပါသည်။